# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၄၂)

## ဖွဲ့စည်းပုံဆိုင်ရာ စစ်တုရင်ပွဲမှာ ဘုရင်မကို စားဘို့ ကြိုးစားသည့် ဂမ်ဘာရီ

ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ကြီး ဂမ်ဘာရီ မြန်မာနိုင်ငံကနေ ပြန်လည်ထွက်ခွာသွားပါပြီ။ ဂမ်ဘာရီရဲ့ နောက်ဆုံးခရီးစဉ်နဲ့ ပတ်သက်ပြီး အသေအချာလေ့လာသုံးသပ်ဘို့ လိုမှာပါ။ ဒီခရီးစဉ်မှာ စစ်တုရင်ကစားတဲ့ ဥပမာ နဲ့ ပြောရရင် နယ်ရုပ်ကလေးငါးကောင်ပြပြီး ဘုရင်မတကောင်စားဘို့ ဂမ်ဘာရီ ကြိုးပမ်းသွားတယ်လို့ ဆိုရပါလိမ့်မယ်။ နအဖကို တိုက်တွန်းတယ်ဆိုပြီး ဂမ်ဘာရီက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပေးစားဘို့ပြတဲ့ နယ်ရုပ်ကလေးငါးကောင်ကတော့

(၁) နိုင်ငံရေး အကျဉ်းသားတွေ လွှတ်ပေးဘို့၊
(၂) နအဖနဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံစကားပြောဘို့၊
(၃) စီးပွားရေး တိုးတက်အောင် လုပ်ပေးဘို့၊
(၄) ကုလသမဂ္ဂ ဆက်သွယ်ရေးရုံးကို ရန်ကုန်မှာ ဖွင့်လှစ်ဘို့၊
(၅) ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဒီဇဘ်ာလမှာ မြန်မာနိုင်ငံကို လာရောက်ပြီး နိုင်ငံရေးစကားပြောဘို့၊

ကိုင်း အဲဒီ အချက်ငါးချက်ကို ဘာကြောင့်နယ်ရုပ်ကလေးတွေလို့ ဥပမာပေးပြီး ပြောပါသလဲ။ တချက်ခြင်း ရှင်းပါမယ်။ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဘို့ဆိုတာဟာ ထူးဆန်းတဲ့အချက်မဟုတ်ဘူး။ ဂမ်ဘာရီ မပြောခင် ကထဲက လူ့အခွင့်အရေးအဖွဲ့ကြီးတွေက တောင်းဆိုနေတာကြာပြီ။ ဂမ်ဘာရီလို ကုလသမဂ္ဂကိုယ်စားလှယ်တဦးအနေနဲ့ တောင်းဆိုသင့်တာက နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ရုံသာမကဘူး။ နောင်ကို arbitrary detention လို့ခေါ်တဲ့ စိတ်ထင်မြင်ရုံ၊ သံသယရှိရုံနဲ့ နိုင်ငံသားတွေအပေါ် အာဏာပိုင်တွေက ဖမ်းဆီးခွင့်မရှိတော့အောင် ဖိနှိပ်တဲ့ဥပဒေတွေ၊ ပယ်ဖျက်ပေးဘို့နဲ့ ဥပဒေစနစ်နဲ့ တရားစီရင်ရေးစနစ်တွေ တိုးတက်ကောင်းမွန်အောင် ပြင်ပေးဘို့ဖြစ်တယ်။

နအဖနဲ့ ဒေါ်အောင်ဆန်းစုကြည်တွေ့ဘို့ဆိုတာထက် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ၁၉၉၀ မေလ ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီခေါင်းဆောင်တွေ အားလုံးနိုင်ငံရေးအရ တရားဝင်တွေ့ဆုံဆွေးနွေးရေးကို ဖော်ဆောင်ဘို့ဖြစ်တယ်။ စီးပွားရေးတိုးတက်အောင်လုပ်ပေးဘို့ နအဖကိုတောင်းဆိုလို့ကတော့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ နအဖကိုယ်တိုင်တောင်မှ လုပ်နိုင်စွမ်းမရှိလို့ပါဘဲ။ ကုလသမဂ္ဂဆက်သွယ်ရေးရုံးကို ရန်ကုန်မှာဖွင့်လှစ်တာလည်း ဘာမှထူးခြားတဲ့ကိစ္စ မဟုတ်ဘူး။ ကုလသမဂ္ဂရဲ့ လုပ်ရိုးလုပ်စဉ်ပါ။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဒီဇင်ဘာမှာ မြန်မာနိုင်ငံကိုလာရောက်ပြီး နိုင်ငံရေးစကားပြောမယ်ဆိုတာလည်း ထူးပြီးဝမ်းသာဘို့မရှိဘူး။ ဘာပြောမလဲဆိုတာက အရေးကြီးပါတယ်။ ဒါကြောင့် အဲဒီအချက်ငါးချက်ကို နယ်ရုပ်ကလေးငါးကောင်ရယ်လို့ ဥပမာပြုပြောရခြင်းဖြစ်ပါတယ်။

အပတ်စဉ်တင်ဆက်နေကျ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လူထုရဲ့ အခန်းကဏ္ဍ ဆောင်းပါးအမှတ် (၃၉) မှာ ဂမ်ဘာရီ လာရောက်တဲ့အခါ မြန်မာနိုင်ငံအတွက် အဆိုးဆုံးအခြေအနေဖြစ်သွားနိုင်တယ်လို့ မလာခင်မှာကထဲက အောက်ပါအတိုင်း ကြိုတင်တင်ပြခဲ့ပါတယ်။

**၂၀၁၀ မှာ ကျင်းပတော့မယ့် ရွေးကောက်ပွဲကို လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် ကြိုးပမ်းဘို့သူ နအဖကို တိုက်တွန်းတယ်ဆိုတဲ့ ဖော်ပြချက်မျိုးတွေကိုပြုပြီး အဲဒီရွေးကောက်ပွဲ တရားဝင်မှုရသွားအောင် နအဖ အကြိုက် ပံ့ပိုးပေးတာမျိုးတွေ ရှိလာနိုင်တယ်** လို့သုံးသပ်ခဲ့တာပါ။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ခေါင်းဆောင်တွေနဲ့တွေ့တဲ့အခါ ဂမ်ဘာရီဟာ တကယ်ဘဲ အဲဒီအတိုင်း ဖြောင့်ဖျဘို့ ကြိုးပမ်းပါတော့တယ်။ ဂမ်ဘာရီရဲ့ ဖြောင့်ဖျချက်ဟာ နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲကို လက်ခံခိုင်းတာပါဘဲ။ ၂၀၁၀ ရွေးကောက်ပွဲကို လက်ခံခိုင်းတယ်ဆိုတာဟာ ၁၉၉၀ မေလရွေးကောက်ပွဲကို ချေဖျက်ခိုင်းတာ၊ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံခိုင်းတာဆိုတာ ရှင်းနေတဲ့အချက်ဖြစ်တယ်။ နအဖဖြစ်စေချင်တဲ့ အတိုင်း ဂမ်ဘာရီ လိုက်လုပ်နေတယ်လို့ ဝေဖန်ကြတဲ့ လူထုတွေကိုအဆိုးမြင်လို့ မရနိုင်ဘူး။

ဒါပေမယ့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တွေက ပြတ်ပြတ်သားသားငြင်းဆိုလိုက်ခြင်းအားဖြင့် ဘုရင်မ ကိုကာကွယ်လိုက်နိုင်ပါတယ်။ ဒီမိုကရေစီရေးတိုက်ပွဲမှာ ရှေ့တန်းကနေ ဘုရင်မသဖွယ် မားမားမတ်မတ် ဦး

ဆောင်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ဂမ်ဘာရီနဲ့ မတွေ့လိုက်တာဟာလည်း အင်မတန်မှန်ကန်တဲ့ သံတမန်ရေး တိုက်ပွဲဖြစ်ပါတယ်။

ဒါပေမယ့် ဒီ သံတမန်ရေးတိုက်ပွဲဟာ အစဘဲရှိပါသေးတယ်။ ဘယ်လိုအနေအထားနဲ့ တိုက်သင့်တယ် ဆိုတာကို အသေအချာ လေ့လာပြင်ဆင်ဘို့လိုပါလိမ့်မယ်။

ဒီတိုက်ပွဲမှာ ခံစစ်အတွက် ကတုတ်ကျင်းကတော့ ၁၉၉၀ မေလ ရွေးကောက်ပွဲရလာဒ်ပါ။ ဒီကတုတ်ကျင်းကနေ တလှမ်းမှ နောက်ကိုမဆုတ်သင့်ပါဘူး။ တိုက်စစ်ရဲ့ အဓိကပစ်မှတ်ကတော့ နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ၂၀၁၀ ရွေးကောက်ပွဲဆိုတာဟာ ၂၀၀၈ ဖွဲ့စည်းပုံကိုအခြေခံပြီးတော့မှ ကျင်းပတာဖြစ်တယ်။ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည် ဖော်မယ့်ပွဲဖြစ်တယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံကိုပယ်ချနိုင်ရင် ၂၀၁၀ ရွေးကောက်ပွဲဟာ အလိုလိုပျက်သွားမှာပါ။ ဒါကြောင့် ၂၀၀၈ နာဂစ်ဖွဲ့စည်းပုံဥပဒေကို ဘာကြောင့်လက်မခံနိုင်ဘူးဆိုတာကို တကမ္ဘာလုံးသိအောင် ကျယ်ကျယ် ပြန့်ပြန့် ဖြန့်ချိနိုင်ရင် ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲရဲ့ တရားဝင်မှုကို အကြီးအကျယ် ဆန့်ကျင်ခြေဖျက်နိုင်မှာဖြစ်ပါတယ်။

ဒါပေမယ့် အမှန်အတိုင်းသုံးသပ်ရရင် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘာကြောင့်လက်မခံနိုင်ဘူး ဆိုတဲ့အကြောင်းကို တကမ္ဘာလုံးသိအောင် ဖြန့်ချိနိုင်ဘို့ စနစ်တကျလုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်နိုင်ခြင်းမရှိသေးပါဘူး။ ဒါကြောင့် ဂမ်ဘာရီ ထွက်တဲ့လေသံမျိုးတွေကို နိုင်ငံတကာကလိုက်ထွက်နေတာကို စိုးရိမ်ဘွယ်တွေ့ရပါတယ်။ အထူးသဖြင့် ဥရောပသမဂ္ဂ၊ အာဆီယံနဲ့ ဂျပန် စတဲ့နိုင်ငံတွေ ဖြစ်ပါတယ်။

နအဖ ဖွဲ့စည်းပုံနဲ့ စပ်လျှဉ်းပြီး မှန်ကန်စွာသိမြင်သုံးသပ်နိုင်ဘို့ ပြည်တွင်းမှာ အခက်အခဲတွေ တပုံတပင်ရှိပါတယ်။ ကျယ်ပြန့်တဲ့ ပြည်သူလူထုကြီးတရပ်လုံးအကြားမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးလေ့လာမှုတွေကို နအဖ က လုံးဝ လုပ်ခွင့်မပြုဘူး။ ၅/၉၆ ဥပဒေကို အခုအချိန်အထိ မရုပ်သိမ်းသေးဘဲ ထောင်ဒဏ်အနှစ် နှစ်ဆယ်နဲ့ ခြိမ်းခြောက်ထားဆဲဖြစ်တယ်။ တက်ကြွလှုပ်ရှားသူတွေနဲ့ နိုင်ငံရေးခေါင်းဆောင်တွေအကြားမှာ လေ့လာမှုတစုံတရာ ရှိသော်လည်း မကျယ်ပြန့်ဘူး။ လေ့လာရမယ့် စာအုပ်စာတမ်းနဲ့ သတင်းအချက်အလက်တွေ ရှားလွန်းသလို ကန့်သတ်မှုတွေလည်း များလွန်းတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ဟာ မြို့နယ်တွေ အတော်များများနဲ့ တောလက်ကျေးရွာတွေ အထိရောက်မလာသေးဘူး။ လူထု ရောမအများစုကြီး မဖတ်ဘူးကြသေးဘူး။ နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာတဲ့နေရာမှာ အထောက်အပံ့ရစေမယ့် ဖွဲ့စည်းပုံနဲ့ သက်ဆိုင်တဲ့ အခြားစာအုပ်စာတမ်းတွေရဘို့ဆိုတာ ဝေလာဝေးဖြစ်နေသေးတယ်။

တကယ်တော့ ဒီလိုအခြေအနေတွေကို နအဖ က ရည်ရွယ်ချက်ရှိရှိ ဖန်တီးထားတယ်ဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ စပ်လျှဉ်းပြီး လူထုအတွင်းမှာ သိမြင်မှုဗဟုသုတတွေ မရှိစေခြင်ဘူး။ လေ့လာမှု၊ သုံးသပ်မှု၊ ဝေဖန်မှုတွေ ပေါ်မလာစေချင်ဘူး။

ဘာကြောင့်ပါလဲ။ မသိတဲ့သူတွေကို လိမ်လို့ရတာကြောင့်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကိုင်ပြီး ခြိမ်းခြောက်လို့ရတာ ကြောင့်ပါဘဲ။ ဒါကြောင့် နအဖက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတွေကို တဘက်ကမသိအောင် လုပ်ထားတယ်။ အခြားတဘက်က ပြည်တွင်းနဲ့ ပြည်ပမှာ ဖွဲ့စည်းပုံအခြေခံဥပဒေရှိလာပြီဆိုပြီး ကိုင်ပေါက်ဘို့ကြိုးစားတယ်။ ပြည်တွင်းမှာ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဖိအားပေးနေပြီ။ နိုင်ငံရေးပါတီတွေကို မှတ်ပုံတင်ဖို့ ဆော်သြနေပြီ။ ဖွဲ့စည်းပုံအခြေခံဥပဒေရှိလာပြီ ဖြစ်တဲ့အတွက် အဲဒီအတိုင်းဖော်ဆောင်တာကို အသိအမှတ်ပြုဘို့ အကူအညီပေးဘို့ ပြည်ပမှာရော ကုလသမဂ္ဂမှာပါ နအဖက ကျယ်ကျယ်လောင်လောင် အော်ဟစ်နေပြီ။

ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတွေအပေါ် မသိအောင်လုပ်ထားတဲ့ မဟာဗျူဟာကို နအဖ က ပြည်တွင်းမှာသာမက နိုင်ငံတကာမှာလည်း သုံးစွဲပါတယ်။ ဘယ်လိုသုံးစွဲသလဲ။ ယခုအချိန်အထိ အင်္ဂလိပ်ဘာသာနဲ့ တရားဝင်ဘာသာပြန်ဆိုချက် ထွက်အောင်မလုပ်သေးပါဘူး။ တနည်းအားဖြင့်ရှိတယ်လို့ပြောပြီး မသိအောင်လုပ်ထားတယ်။ နိုင်ငံတကာ တိုင်းပြည်တွေအနေနဲ့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဘာသာပြန်ဆိုခိုင်းပြီး လေ့လာလို့နားလည်နိုင်ပေမယ့် အချိန်၊ ငွေ၊ အတက်ပညာတွေ သုံးရမှာကြောင့် တကယ့်နိုင်ငံအများစုကြီးက မလုပ်နိုင်ကြသေးဘူး။ အတိုက်အခံ နိုင်ငံရေးအင်အားစုတွေကလည်း ယခုအချိန်အထိ တိကျတဲ့ဘာသာပြန်ဆိုချက်ထွက်အောင် မလုပ်သေး

ဘူး။ သုံးသပ်ချက်တွေ တချို့ရှိပေမယ့် အပြည့်အစုံကို အင်္ဂလိပ်ဘာသာနဲ့ မထွက်သေးဘူး။ ထွက်သမျှကိုတောင် ကျယ်ကျယ်ပြန့်ပြန့် မဖြန့်နိုင်သေးဘူး။ ဒီတော့ နိုင်ငံတကာ တိုင်းပြည်တွေအနေနဲ့ နအဖဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဘာကြောင့်ကောင်းတယ်၊ မကောင်းဘူးဆိုတဲ့အပေါ် ရေရေရာရာ မသိကြသေးဘူး။ အဲဒီ အပေါ်မှာအကျိုးအမြတ်ရ နေသူက နအဖဖြစ်ပါတယ်။

နိုင်ငံတကာက ရေရေရာရာမသိသေးတဲ့အတွက် နအဖ က အကျိုးအမြတ်ရနေတာက တပိုင်းပါ။ ဒါပေမယ့် မသိခြင်ယောင်ဆောင်ပြီး မျှောလိုက်သူတွေရှိတဲ့အတွက်လည်း နအဖ အကျိုးအမြတ်ရနေတဲ့ အပိုင်းကိုထောက်ပြလို ပါတယ်။ အဲဒါကတော့ ကုလသမဂ္ဂကိုယ်စားလှယ်တော်ကြီး ဂမ်ဘာရီ ပါဘဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာတွေကို ကျွမ်းကျင်တဲ့ပညာရှင်တွေက နယူးရောက်မြို့ ကုလသမဂ္ဂရုံးမှာ နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံနဲ့ ပတ်သက်လို့ ဂမ်ဘာရီ ကို ရှင်းပြပြီးပါပြီ။ နအဖရဲ့ ဖွဲ့စည်းပုံလမ်းကြောင်းအတိုင်းသွားလို့ ကတော့ ဘယ်တော့မှ ဒီမိုကရေစီ မရနိုင် ဘူးဆိုတာ ဂမ်ဘာရီ အခြေခံအားဖြင့် သဘောပေါက်ပြီးနေပါပြီ။ ဒီကြားထဲကနေ ၂၀၁၀ ရွေးကောက်ပွဲကို လက်ခံခိုင်း နေတဲ့ ဂမ်ဘာရီဟာ ဘယ်လိုလူစားလဲဆိုတာ တဖက်ကလေ့လာတာကတော့ တပိုင်းပါ။ အခြားတဘက် ကတော့ ၂၀၀၈ ခုနှစ် နအဖရဲ့ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေ အပေါ်အခြေခံပြီးပြုလုပ်တဲ့ ၂၀၁၀ ရွေးကောက်ပွဲ အပါအဝင်၊ ဘယ်နိုင်ငံရေးလုပ်ငန်းစဉ်ကိုမှ လက်မခံနိုင်ကြောင်း လူထုအနေနဲ့ ဂမ်ဘာရီနဲ့ သူ့ရဲ့ဆရာ ကုလသမဂ္ဂ အတွင်းရေးမှူး ချုပ် ဘန်ကီမွန်းကိုပြတ်ပြတ်ပြောဘို့ အချိန်ရောက်ပါပြီ။ ကုလသမဂ္ဂက ပုဂ္ဂိုလ်တွေဆိုပြီးပြောစရာ ရှိတာပြတ်ပြတ်မ ပြောဘဲ ဟိုင့်ချဲ့သည့်ငဲ့ လုပ်နေမယ်ဆိုရင် တိုင်းပြည်ချောက်ထဲကျမယ့် အနေအထားမျိုး ဖြစ်နေပြီ။

အဲဒါတင်သာမက ဒီ ရှင်းပြတ်တဲ့ရပ်တည်ချက်နဲ့ မှန်ကန်တဲ့ ဖွဲ့စည်းပုံဆိုင်ရာ သုံးသပ်ချက်ကို တကမ္ဘာ လုံးမှာရှိတဲ့ အစိုးရတွေမှန်သမျှ ကြားသိစေသင့်တဲ့အပြင် လက်ခံလာတဲ့အဆင့်အထိရောက်အောင် ကျယ်ကျယ်ပြန့် ပြန့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။